# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့။

အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် PNO တပ်များသည် ဩဂုတ်လ (၁၄) နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့သည့် ပင်လောင်းမြို့နယ်၊ ပင်ပုံကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် တပ်စွဲလျက်ရှိပြီး မနက်ပိုင်းနှင့် ညနေပိုင်းများတွင် လက်နက်ကြီးများဖြင့် အဆက်မပြတ် ယမ်းတမ်း ပစ်ခတ်လျက်ရှိပါသည်။

ဩဂုတ်လ (၁၄) ရက်နေ့ ပင်ပုံနှင့် လယ်ဟွဲကျေးရွာ အနီးတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း အကြမ်းဖက် စစ်ကောင်စီတပ်မှ (၅) ဦးကျဆုံးခဲ့ပြီး၊ PNO ဘက်မှ (၆) ဦး ထက်မနည်း ကျဆုံးမှုများရှိခဲ့ပါသည်။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့မှ ဖယ်ခုံမြို့နယ်သို့ စစ်ကား (၃၅) စီးဖြင့် အင်အားဖြည့်တင်းလျက်ရှိသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည်နှင့် ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းတွင် ရှိသော ကျေးရွာများသို့ စစ်ကြောင်းထိုးလျက်ရှိရာ ဩဂုတ်လ (၁၃) ရက်တွင် ကရင်နီတပ်မတော် (KA) နှင့် KNDF တပ်တို့နှင့် တိုက်ပွဲငယ်များဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်အထိစစ်ရေးတင်းမာလျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ကျေးရွာနေပြည်သူအချို့ကို ဖမ်းစီးနှိပ်စက်ခြင်း၊ လမ်းပြအဖြစ် အတင်းအဓမ္မစေခိုင်းခြင်းများပြုလုပ်လျက်ရှိသည်။

KNDF အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်မြေခံ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် ပူးပေါင်း၍ ပြည်သူများကို အကြမ်းဖက်နှိပ်စက်နေသော စစ်ကောင်စီတပ်များနှင့် ၎င်းတို့၏လက်ပါးစေ PNO တပ်များကို အဆုံးတိုင် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးအဖွဲ့